## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် ( ၉ / ၂၀၁၈ )

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် ( ၉ /၂၀၁၈ )အား ၂၀၁၈ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေး အမှတ်စဉ် (၉ /၂၀၁၈)အပါအဝင် ရက်သတ္တပတ်အတွင်း **နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု** အဆိုပြုလုပ်ငန်း (၃)ခု၊ အတည်ပြုလုပ်ငန်း (၁၅)ခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုမှ ဖက်စပ် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု အဆိုပြုလုပ်ငန်း (၁)ခု စုစုပေါင်းလုပ်ငန်း (၁၉)ခု ခွင့်ပြုခဲ့ ပါသည်။ အဆိုပြုလုပ်ငန်း (၄)ခု မှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုခဲ့ပြီး အတည် ပြုလုပ်ငန်း (၁၅)ခုအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ (၃)ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ (၉)ခု၊ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ (၁)ခု၊ မန္တလေး တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ (၁)ခု နှင့် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ (၁)ခု ရှိသဖြင့် ယခုအစည်းအဝေး ကာလအတွင်း စုစုပေါင်းလုပ်ငန်း (၁၉)ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိ ကန်ဒေါ်လာ (၁၄၃.၁၂၃) သန်းကို ခွင့်ပြု/ အတည်ပြု ပေးခဲ့ပြီး အဆိုပါ လုပ်ငန်းများမှ **ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၁၀,၉၂၂)ဦး**ကို ဖန်တီးပေး မည်ဖြစ်ပြီး၊ ယခင်ခွင့်ပြုပြီးလုပ်ငန်းများမှ **ပြည်တွင်း လုပ်သား အင်အား တိုးမြှင့်မှုမှာ (၃၀၀)ဦး** ဖြစ်ပါသည်။ ခွင့်ပြု/ အတည် ပြုလုပ်ငန်း(၁၉)ခုမှာ စက်မှု ကဏ္ဍမှ (၁၆)ခု၊ လယ်ယာကဏ္ဍမှ (၁)ခုနှင့် အခြားကဏ္ဍမှ (၂)ခု ဖြစ် ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လ အတွင်း ဇူလိုင်လ အထိ **နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု** ခွင့်ပြု/ အတည်ပြု ပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၄၄)ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၃၂၅.၆၇၅)သန်း ဖြစ်ပါသည်။ **ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း** အပါ အဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၆၉၂.၉၀၈) သန်းဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm

**အထူး စီးပွားရေးဇုန် ဥပဒေအရ** ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လ အတွင်း ဇူလိုင်လ အထိ စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၁၄၉.၁၀၀) သန်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လ အတွင်း ဇူလိုင်လအထိ **စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ** အမေရိကန်ဒေါ်လာ (၈၄၂.၀၀၈)သန်း ဖြစ်ပါသည်။

အစည်းအဝေး အမှတ်စဉ် (၉ /၂၀၁၈)အပါအဝင် ရက်သတ္တပတ်အတွင်း **မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု** အတည်ပြု လုပ်ငန်း(၅)ခုကို ခွင့်ပြုခဲ့ပါသည်။ အတည်ပြု လုပ်ငန်း (၅)ခု အနက် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ (၂)ခု၊ ပဲခူးတိုင်း ဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ (၁)ခုနှင့် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ (၁)ခု နှင့် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ (၁)ခု ရှိသဖြင့် စုစုပေါင်း အတည်ပြုလုပ်ငန်း (၅)ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၄.၀၀၆)သန်း အပါအဝင် ကျပ် (၁၁,၆၇၈.၄၄၀)သန်း ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများမှ ပြည်တွင်း လုပ်သားများ အတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၃၆၄)ခု ကို ဖန်တီး ပေးမည် ဖြစ်ပါသည်။ အတည်ပြု လုပ်ငန်း (၅)ခု မှာ ဟိုတယ်ကဏ္ဍ (၁)ခုနှင့် စက်မှုကဏ္ဍ (၄)ခု တို့ ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လ အတွင်း ဇူလိုင်လ အထိ **မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု** ခွင့်ပြု/ အတည်ပြု ပေးခဲ့မှုမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၅၀)ခု၊ အမေရိကန် ဒေါ်လာ (၁၃၅.၁၃၂) သန်း အပါအဝင် ကျပ် (၇၀၀,၅၄၄.၁၂၉) သန်း ဖြစ်ပါသည်။ **ရင်းနှီးမြှုပ်နှံ မှုတိုးမြှင့်ခြင်း** အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁၃၆.၂၈၀) သန်း အပါအဝင် ကျပ် (၇၁၀,၆၃၅.၁၂၉) သန်းခွင့်ပြုပြီးဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm